# သခင်ယေရှု ကောင်းကင်ဘုံသို့တက်တော်မူသောပွဲနေ့

ရှင်မာကူး ၁၆း၁၅ - ၂၀

ယေရှုဘုရားရှင် သေရာမှပြန်ရှင်တဲ့ ပါစကားပွဲနဲ့ ယနေ့ကျင်းပတဲ့ ကောင်းကင်ဘုံသို့ တက်တော်မူတဲ့ပွဲဟာ တစ်ဆက်တည်းပါပဲ။ ကျနော်တို့ ကက်သလစ်သာသနာတော်ကြီးကတော့ သေရာမှပြန်ရှင်တဲ့ပါစကားပွဲပြီး ရက်ပေါင်း (၄၀)ကြာတဲ့အခါ ကျရောက်တဲ့ ကြာသပတေးနေ့ (သို့မဟုတ်) တနင်္ဂနွေနေ့မှာ ကောင်းကင်ဘုံတက်တော်မူတဲ့ပွဲကို ကျင်းပကြပါတယ်။ တကယ်တမ်းတော့ သခင်ယေရှုဟာ သေရာမှပြန်ရှင်ပြီး ရက်ပေါင်း (၄၀) အတိအကျကြာမှ ကောင်းကင်ဘုံတက်တာ မဟုတ်ပါဘူး။ ရက်ပေါင်း (၄၀) ဆိုတာ ကျမ်းစာထဲမှာ ဘုရားနဲ့ တွေ့ဆုံ ဘုရားက ထုတ်ဖော်ပြတာကို ဆိုလိုတာပါ။

ရှင်ပြန်ထမြောက်တဲ့ပါစကားပွဲ နဲ့ ကောင်းကင်ဘုံ တက်တော်မူတဲ့ပွဲ ဘာကွာခြားသွားသလဲ။ ရှင်ပြန်ထမြောက်တဲ့ပွဲမှာ ကျနော်တို့ အာရုံစိုက်ကြတာက အပြစ်တွေ မလုပ်တော့တဲ့ဘဝသစ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတော့တဲ့ဘဝသစ်ကို အာရုံစိုက်ကြပါတယ်။ ကောင်းကင်ဘုံ တက်တော်မူတဲ့ပွဲမှာတော့ သခင်ယေရှုဟာ အပြစ် နဲ့ သေခြင်းကို အောင်မြင်တယ်၊ လောကကို အောင်မြင်တယ်။ ဒါကြောင့် စကြဝဠာတစ်ခုလုံးရဲ့ အရှင်သခင် ဖြစ်တော်မူတယ်ဆိုတာကို အာရုံစိုက်ကြပါတယ်။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဧဖက်ဆု ဩဝါဒစာမှာ ရှင်ပေါလူးက “ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို ခရစ်တော်၏ခြေတော်အောက်၌ ချထား၍ သူ့အား ခပ်သိမ်းသောအရာတို့အထက်တွင် အသင်းတော်၏ဦးခေါင်း ဖြစ်စေတော်မူ၏။” လို့ ရေးထားပါတယ်။

သေရာမှပြန်ရှင်ခြင်း၊ ကောင်းကင်ဘုံသို့ တက်တော်မူခြင်းတွေကို ယေရှုဘုရားရှင် ကိုယ်တော်တိုင်က ပြသတော်မူခဲ့တဲ့အတိုင်း ကျနော်တို့အားလုံးလည်း သေရာမှပြန်ရှင်မယ်၊ ကောင်းကင်ဘုံကို ရောက်ကြမယ်ဆိုတာတွေကို မျှော်လင့်နိုင်ကြဖို့ ဖြစ်ပါတယ်။ ဒီလောကမှာ လူတိုင်းက ကိုယ့်ကို နားလည်ပေးကြမယ်၊ လူတိုင်းက ကိုယ့်ကို ချစ်ကြမယ်၊ လူတိုင်းက ကိုယ့်အပေါ် စေတနာထားကြမယ်လို့ စိတ်ကူးယဉ်နေလို့ မဖြစ်နိုင်သေးပါဘူး။ ဒါ ကောင်းကင်ဘုံမှ မဟုတ်သေးပဲကိုး။ သင်က အဲ့သလို လူတိုင်းက ချစ်ကြမယ်၊ နားလည်ခွင့်လွှတ်ကြမယ်။ လူတိုင်းက ကိုယ့်ကို ရင်းရင်းနှီးနှီးပြုံးပြကြမယ်ဆိုတာတွေ ဖြစ်ချင်ရင်တော့ ကောင်းကင်ဘုံကို ရောက်အောင်သာ ကြိုးစားပါ။

ကောင်းကင်ဘုံကို ရောက်မှပဲ ချစ်ခြင်းမေတ္တာတရား ပြည့်ဝကြလိမ့်မယ်/ ဒီလောကမှာတော့ မဖြစ်နိုင်ဘူး၊ မမျှော်နဲ့လို့ စိတ်ပျက်အောင် ပြောတာ မဟုတ်ပါဘူး။ အခု လောကမှာ နေထိုင်စဉ်ခဏမှာလည်း ကောင်းကင်ဘုံ/ကောင်းကင်နိုင်ငံတော်ထဲ ရောက်နေသလို ကျင့်ကြံနေထိုင်နိုင်ဖို့ ယေရှုဘုရားရှင်က “ကမ္ဘာအရပ်ရပ်သို့ သွားကြ၍ ဝေနေယျ သတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားတော်ကို ဟောပြောကြလော့။” လို့ မိန့်မှာတော်မူပါတယ်။

တရားတော်ကို ဟောပြောဖို့အတွက် ကျနော်တို့ ယုံကြည်သူတွေမှာ တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်နိုင်ဖို့ဆိုတာ ကျနော်တို့ကိုယ်တိုင်က ယေရှုဘုရားရှင် သေရာမှပြန်ရှင်ကြောင်း၊ ကောင်းကင်ဘုံသို့ တက်တော်မူကြောင်းတွေကို ယုံကြည်ကြရမယ်။ အမိပ္ပါယ်သိသိ ယုံရမယ်။

လက်တွေ့ သိရှိခံစားခဲ့ရသူတွေ ဖြစ်ရမယ်။ ဆိုလိုတာက သူတစ်ပါးကို ခရစ်တော်ရဲ့တရား မပြခင်မှာ ကိုယ်ကိုယ်တိုင်က ဒီလောကမှာ အသက်ရှင်နေထိုင်ရတဲ့ အခိပ္ပါယ်၊ ဒီလောကမှာ ဘယ်လို ကျင့်ကြံမှ ခရစ်တော်မိန့်တော်မူတဲ့ ကြွယ်ဝတဲ့အသက်တာနဲ့ ရှင်သန်နိုင်မှာ ဖြစ်ကြောင်း ကိုယ်တိုင် သိရှိခံစားရသူ ဖြစ်ရပါမယ်။ ဒီလောက သက်တမ်းကုန်ဆုံးတဲ့အခါ ကောင်းကင်ဘုံမှာ ထာဝရအသက်နဲ့ ရှင်သန်ရမှာဖြစ်ကြောင်း ကိုယ်တိုင် ယုံကြည်မျှော်လင့်နေသူ ဖြစ်ရပါမယ်။

ကျနော်တို့ ယုံကြည်သူတွေက အဲ့လို ယုံကြည်မျှော်လင့်တဲ့အတိုင်း ကျင့်ကြံနေထိုင်နေပါက ကျနော်တို့ နှုတ်အားဖြင့် မဟောပြောတတ်တောင်မှ သင့်ရဲ့ ကျင့်ကြံနေထိုင်ပုံက သူတစ်ပါးတွေကို သက်သေခံနေရာရောက်ပါတယ်။ ကိုယ်ကိုယ်တိုင် ပြောင်းလဲမှ သူတစ်ပါးတွေလည်း အကောင်းဘက်သို့ ပြောင်းလဲချင်စိတ် ဖြစ်လာမှာပါ။ အဖေအမေ ပြောင်းလဲတာကို နေ့တိုင်း တွေ့မြင်ကြားသိနေရတဲ့သားသမီးတွေလည်း ပြောင်းလဲဖို့ သေချာတာပေ့ါ။

ကျနော်တို့ စိတ်နှလုံးသားထဲက လိုလိုလားလား ယုံကြည်တယ်၊ ဒါကြောင့် ကိုယ်ယုံကြည်တဲ့အတိုင်း စိတ်ကောင်းနှလုံးကောင်းထားချင်တယ်ဆိုတာတွေ ဖြစ်လာစေတာက သင့်ကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားက စိတ်အတွင်းထဲမှ လှုံ့ဆော်ပေးနေလို့ပါပဲ။ ဝိညာဉ်တော်ဘုရားရဲ့ လှုံ့ဆော်မှု မခံစားရရင် သင်ဟာ ဟောပြောသက်သေခံနိုင်ဖို့ ခွန်အား မရှိနိုင်ပါဘူး။ ဒါကြောင့် ဝိညာဉ်တော်ဘုရားကို သင့်က လိုလားပါ၊ ဖိတ်ခေါ်ပါ။ ဆုတောင်းပါ။ ဝိညာဉ်တော်ဘုရားက သင့်စိတ်နှလုံးသားကို လှုံ့ဆော်အားပေး လမ်းညွှန်ဖို့ အဆင်သင့်ပါပဲ။ သင်တို့က စိတ်မပျက်ပဲ မျှော်လင့်နေတယ်၊ ဝမ်းမြောက်နေနိုင်တယ်ဆိုတာတွေကို တွေ့မြင်ရတဲ့ ဘေးလူတွေက သင်ကိုယ်တိုင် လက်ခံကျင့်သုံးနေတဲ့ ခရစ်တော်ရဲ့ ဧဝံဂေလိ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ချက်ချင်းလက်ခံကြမှာ အမှန်ပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။